

LAW
Legal Action Worldwide

အဖွဲ့အစည်းများ စစ်ဆေးရန်စာရင်း (CHECKLIST)

# အရေးပေါ်အကျပ်အတည်း ဖြစ်ရပ်များအပေါ် ဥပဒေကြောင်းအရ တုံ့ပြန်ဆောင်ရွက်ခြင်း

## အာဏာပိုင်များထံ အစီရင်ခံတင်ပြခြင်း

သင်တို့ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် ဒေသနှင့် နိုင်ငံအပေါ် မူတည်၍ ရဲတပ်ဖွဲ့နှင့် အခြားသော အရေးပေါ် ကယ်ဆယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများသည် ပထမဦးဆုံး ဆက်သွယ်ရမည့် အဖွဲ့အစည်းများ ဖြစ်နိုင်ပါသည်။ ဖြစ်ရပ်ကို အစီရင်ခံတင်ပြခြင်းသည် ဒေသခံအာဏာပိုင်များကို အသိပေးရုံသာမက နောက်ပိုင်းတွင် ဥပဒေကြောင်းအရ တရားစွဲဆိုမှုများ၌ အသုံးပြုနိုင်မည့် မှတ်တမ်းတစ်ခုကိုလည်း ရရှိစေပါသည်။ ရဲတပ်ဖွဲ့ သို့မဟုတ် ဒေသခံအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သမျှ အားလုံးကို မှတ်တမ်းတင် သိမ်းဆည်းထားပါ။

## စာမှတ်စာတမ်း အထောက်အထားများ

ဖြစ်ရပ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရနိုင်သမျှ အများဆုံး လုံခြုံစိတ်ချစွာ သိမ်းဆည်းစုဆောင်းထားပါ (စစ်ဆေးရန်စာရင်း – အနာဂတ် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရန်အတွက် အထောက်အထား မှတ်တမ်းတင်ခြင်း တွင် ကြည့်ရှုပါ)။ သင်သိမ်းဆည်းထားသမျှ အရာအားလုံး၊ သိမ်းဆည်းသည့်နေရာ၊ အချိန်နှင့် ပါဝင်ပတ်သက်သူ မည်သူမည်ဝါဖြစ်သည်တို့ကို မှတ်စုရေးမှတ်ထားပါ။

- အချက်အလက်အားလုံးကို ၎င်းတို့၏ မူရင်းပုံစံအတိုင်း သိမ်းဆည်းပြီး ဝင်ရောက်ကြည့်ရှုခွင့်ကို ကန့်သတ်ထားပါ။
- အချက်အလက်များ၊ အထောက်အထား စာရွက်စာတမ်းများ၊ ထွက်ဆိုချက်များ၊ ဓာတ်ပုံများနှင့် ဗီဒီယိုများ အားလုံးကို ၎င်းတို့၏ မက်တာဒေတာ (Metadata - နောက်ခံအချက်အလက်များ) နှင့်တကွ မှတ်တမ်းတင်ထားပါ။
- လေ့ကျင့်သင်ကြားခံထားရခြင်းမရှိပါက အသေးစိတ် လူတွေ့ မေးမြန်းမေးမြန်းမှုများကို မပြုလုပ်ပါနှင့်။
- အကယ်၍ ဘေးကင်းလုံခြုံမှုရှိပါက သက်သေများ၏ သဘောတူညီချက်ဖြင့် ၎င်းတို့၏ ဆက်သွယ်ရန် အချက်အလက်များကို သိမ်းဆည်းထားပါ

## ဥပဒေအကြံဉာဏ်ရယူခြင်း

ယေဘုယျအားဖြင့် ရာဇဝတ်ဥပဒေကို အထူးပြုလေ့လာထားသော သင့်လျော်သည့် ရှေ့နေတစ်ဦးသည် အကြံဉာဏ်များ ပေးဆောင်မည်ဖြစ်ပြီး လိုအပ်ပါက တရားစီရင်ရေး အဖွဲ့အစည်းများရှေ့မှောက်တွင် ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်ပေးမည် ဖြစ်သည်။ ၎င်းတို့သည် ဥပဒေကြောင်းဆိုင်ရာ မဟာဗျူဟာ တစ်ရပ် ချမှတ်နိုင်ရေးကို ပံ့ပိုးပေးခြင်း၊ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများနှင့် ယှဉ်၍ ဘေးအန္တရာယ်များကို ကူညီဆန်းစစ်ပေးခြင်း၊ သက်ဆိုင်ရာ ဥပဒေနှင့် ဥပဒေကြောင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ **ဖမ်းဆီးထိန်းသိမ်းခံရမည့် အန္တရာယ် သို့မဟုတ် တရားစွဲဆိုခံရမည့် ခြိမ်းခြောက်မှု တစ်စုံတစ်ရာ ရှိနေပါက ဥပဒေကြောင်းအရ အကြံဉာဏ်ရယူခြင်းသည် မရှိမဖြစ် လိုအပ်ပါသည်။**

### ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုအတွက် ဘေးအန္တရာယ်များကို ဆန်းစစ်ခြင်း

ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှု ပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ရန် ဆုံးဖြတ်ချက်ကို ပံ့ပိုးကူညီနိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်း ဆောင်ရွက်နေသူများ၊ ၎င်းတို့၏ မိသားစုများ၊ ရှေ့နေ၊ လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် ဖြစ်ရပ်အပေါ် မူတည်၍ အခြားသော သက်ဆိုင်ရာ အကျိုးစီးပွားဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးရမည်။ (စစ်ဆေးရန်စာရင်း – ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုအတွက် ဘေးအန္တရာယ်များကို ဆန်းစစ်ခြင်း တွင် ကြည့်ရှုပါ)။

### ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ခြင်း

နစ်နာသူများ၊ သက်သေများနှင့် ဝန်ထမ်းများ၏ မျှော်မှန်းချက်များကို ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးပါ။ Protect Aid Workers အဖွဲ့ထံမှ အကူအညီ ရယူပါ၊ ထို့ပြင် တာဝန်ယူမှု တာဝန်ခံမှုရှိစေရေး မဟာဗျူဟာများအတွက် ဥပဒေ အကြံဉာဏ်ရယူခြင်း၊ စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အကောင်းဆုံး လက်တွေ့လုပ်ဆောင်ချက်များဆိုင်ရာ အကြံဉာဏ်များ အပါအဝင် ပံ့ပိုးကူညီမှုများကို တောင်းခံပါ။

*This publication has been produced with the assistance of the European Union. The contents of this publication are the sole responsibility of Legal Action Worldwide and can in no way be taken to reflect the views of the European Union.*

PROTECT AID WORKERS

Funded by European Union Humanitarian Aid